သန့်ရှင်းသောအိမ်ထောင်စုပွဲနေ့ ဒီဇင်ဘာ ၃၁ ၂၀၂၃

လုကာ ၂း၂၂-၄၀

အစဉ်အလာအရ သန့်ရှင်းသောအိမ်ထောင်စုပွဲနေ့ကို ခရစ်တော်ဘုရားမွေးဖွားလာတော်မူတဲ့ပွဲနေ့ပြီး ချက်ချင်းရောက်လာတဲ့ တနင်္ဂနွေနေ့မှာ ကျင်းပစမြဲဖြစ်ပါတယ်။ သာသနာတော်မှာ ထင်ရှားစံနမူနာပြုထိုက်တဲ့ သန့်ရှင်းသော အိမ်ထောင်စုကို စံနမူနာထားပြီး ကျွန်ပ်တို့ရဲ့မိသားစုတွေရဲ့အရည်အသွေးတွေကို ထောက်ရှုစဉ်းစား သုံးသပ်တဲ့အချိန် ဖြစ်ပါတယ်။

တကယ်တော့ သခင်ယေရှုဟာ မိသားစုတိုင်းရဲ့ မိသားစုဝင်ဖြစ်ပါတယ်။ ကျွန်ုပ်တို့မျှော်လင့်တာနဲ့ ထင်ထားတာက မိသားစုဆိုသည် အမြဲတမ်း ပျော်ရွှင်ချမ်းမြေ့တဲ့ အခြေအနေမှာ အမြဲတမ်းရှိမှာဘဲ ဆိုတာဖြစ်တယ်။ တကယ်တော့ မိသားစုဆိုတာ သန့်ရှင်းသော အိမ်ထောင်စုအပါအဝင် တက်လိုက်ကျလိုက်အချိန်တွေ၊ ဗပျော်ရွှင်ခြင်းရှိသလို ဝမ်းနည်းခြင်းလဲရှိတာမျိုး၊ အခက်အခဲနဲ့ ပြသာနာများနဲ့ ရင်ဆိုင်တတ်ရတဲ့သဘော ရှိပါတယ်။

မိသားစုရဲ့လိုအပ်ချက်တွေကို ဖြည့်စွမ်းရတဲ့နေရာမှာ အခက်အခဲတွေနဲ့ ကြုံတွေ့ရတာမျိုး ရှိတတ်ပါတယ်။ တခါတလေ တဦးတယောက်သောမိသားစုဝင်ဟာ အဖျားအနာ ရောဂါကို ခံစားရတတ်ပါတယ်။ တခါတလေကျတော့ မိသားစုဝင်ထဲက တယောက်ယောက်ဟာ ကျန်တဲ့မိသားစုဝင်တွေအတွက် စိတ်ပူပင်သောက ရောက်စရာ အကြောင်း ဖြစ်တတ်ပါတယ်။

ခရစ်တော်ဘုရားရဲ့လောကအသက်တာ အချိန်အခါက မယ်တော်ရဲ့အခန်းကဏ္ဍကိုလည်း မကြာကခဏ– နောက်ဆုံး ကားတိုင်တော်ခြေရင်းအထိ ပေါ်လွင်စေပါတယ်။ ဒါပေမဲ့ သံဗူဇယ်အကြောင်းကိုတော့ တထူးတခြား မတွေ့ရပါဘူး။ ခရစ်တော်ရဲ့ သက်တော် ၃၀ အချိန်လောက်မှာ သံဗူဇယ်ဟာ ကွယ်လွန်သွားလောက်ပါပြီ။ အဲဒီလိုဆိုရင် မိခင်နဲ့သားအတွက် ဝမ်းနည်းကြေကွဲစရာဖြစ်ပါတယ်။ ဒါ့ကြောင့်

သန့်ရှင်းသောအိမ်ထောင်စု (ယေရှု၊မာရီးယား၊ဇွေဇယ်) ဟာ အခြားသော အိမ်ထောင်စုများကဲ့သို့ ဒုက္ခဆင်းရဲ နာကျင်ခြင်းတွေနဲ့ မလွတ်ကင်းပါဘူး။

အသက် ၃၀ အချိန်လောက်မှာ အိမ်ကိုထားခဲ့ပြီး ဒေသနာဟောကြားဘို့ ထွက်ခွာသွားတဲ့အခါ အိမ်အတွက် နာကျည်းစရာတခု ဖြစ်သွားမယ်လို့ တွေးယူလို့ရပါတယ်။ သက်တော် ၁၂ နှစ်အရွယ် ၃ ရက်လောက် ပျောက်ကွယ်သွားခဲ့တဲ့အပေါ် မယ်တော်နဲ့သံဇွေဇယ် ဘယ်လောက်များ စိတ်ပူလိုက်မလဲ။ တကယ်တော့ အဲဒီအချိန်ကစပြီး လွန်စွာပင်ကြီးမားတဲ့အိမ်ထောင်စုဖြစ်တဲ့ လောကကမ္ဘာတခုလုံးရဲ့ မိသားစုဝင် ဖြစ်သွားခဲ့ပါတယ်။ အထူးသဖြင့် သူ့ရဲ့လမ်းစဉ်ကို လျှောက်လှမ်းသွားဘို့အတွက် သန္နိဋ္ဌာန်ချတဲ့လူတွေရဲ့ မိသားစုဝင်ဖြစ်သွားပါတယ်။ သူ့ရဲ့နောက်လိုက်နောက်ပါများဟာ သူ့ရဲ့မိခင် သူ့ရဲ့ညီအစ်ကိုမောင်နှမများ၊ နှုတ်ကပတ်တရားတော်ကို ကြားနာပြီးလိုက်ကျင့်သူများ ဖြစ်ကြပါတယ်။ နှုတ်ကပတ်တော်ကို ကြားနာပြီး လိုက်ကျင့်သူတွေထဲမှာ မယ်တော်သခင်မကတော့ ပထမဦးဆုံးစံပြုထိုက်တဲ့သူဖြစ်ပါတယ်။

များသောအားဖြင့်လူတွေဟာ တနည်းသို့မဟုတ်တနည်းဆိုသလို မိသားစုကို ချန်ထားပြီးတနေရာကို ထွက်သွားကြရတာချည်းပါဘဲ။ ကျွန်ုပ်တို့ဟာ သခင်ဘုရားရဲ့ ပုံသက်သေကို လိုက်ကျင့်ဘို့ လောကကမ္ဘာဆိုတဲ့ ပိုပြီးကြီးမားတဲ့ မိသားစုကြီးထဲ မိမိကိုယ်ကို ထည့်လိုက်ဘို့ ဖိတ်ခေါ်ခြင်းခံရပါတယ်။ တဦးတည်းသော ဖခင်ရဲ့သားသမီးများဖြစ်ကြတဲ့ ကျွန်ုပ်တို့တွေဟာ ညီအစ်ကိုမောင်နှမတွေဖြစ်ပြီး တဦးကိုတဦး ကြည့်ရှုစောင့်ရှောက်ဘို့ ဖိတ်ခေါ်ခြင်းခံကြရပါတယ်။

ခေတ်သစ်မိသားစုတွေမှာ များသောအားဖြင့် ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်းကနေပြီး ဘယ်လိုအမြတ်ထုတ်နိုင်မလဲ ဆိုတာကိုဘဲ တွေးတောတတ်တဲ့သဘော ရှိပါတယ်။

ဒီကနေ့ဝေံဂေလိကျမ်းထဲမှာ သားဦးဖြစ်တဲ့ ဖွားမြင်လာတဲ့သူငယ်တော်ကို ဗိမာန်တော်ထဲမှာ မိဘတွေက ပူဇော်ခဲ့တဲ့အကြောင်းကို ဖတ်ရှုရပါတယ်။ ဒါဟာ

ဘာကိုပြည္ဝန်သလဲဆိုရင် လူ့ရဲ့အသက်ဟာ ဘုရားဆီကလက်ဆောင်ဖြစ်တယ်၊ ဘုရားဟာ လူ့အသက်အားလုံးတို့ရဲ့ မူလအရင်းအမြစ်ဖြစ်တယ် ဆိုတာဘဲဖြစ်တယ်။

ဒါပေမဲ့ သူငယ်တော်ဟာ သာမန်ကလေးသူငယ်တဦးမဟုတ်ပါဘူး။ ဗိမာန်တော်ကို ရောက်သွားတဲ့အခါ သူတော်သူမြတ်နှစ်ဦးက ကိုယ်တော်ကို ခရီးဦးကြိုခဲ့ကြပါတယ်။ ဘုရားရဲ့ဝိညာဉ်တော်နဲ့ပြည့်ဝတဲ့စီမေအုံက အီဇရာအဲလ်လူတို့ ကာလကြာရှည်စွာ စောင့်မျှော်ခဲ့ကြတဲ့မက်ဆီးယားသခင်ကို မဖူးမျှော်ရသေးခင် မသေရ ဆိုပြီး ဗျာဒိတ်တော်ကိုရခဲ့ပါတယ်။ နက်ရှိုင်းသော ဝိညာဉ်ရေးဆိုင်ရာအမြင်နဲ့ သူ့ရဲ့အရှင်သခင်ကို သူငယ်တော်ရဲ့အဖြစ်အခြေအနေ၌ သူ့ရဲ့လက်ထဲမှာ ပွေ့ဖက်ထားနိုင်ခဲ့ရပါတယ်။

သို့သော် သခင်ဘုရားဟာ များစွာသောလူတွေအတွက် အသက်နဲ့ လွတ်မြောက်ခြင်းရဲ့ အရင်းအမြစ်ဖြစ်သော်လည်း၊ တချို့သောသူတွေအတွက် သူတို့ရဲ့စိတ်ဝိညာဉ်နဲ့ဆိုင်တဲ့ မျက်စေ့ကန်းခြင်း၊ အမှန်တရားနဲ့ ချစ်ခြင်းရဲ့လမ်းစဉ်ကို ငြင်းပယ်တဲ့လူတွေအတွက် ခလုတ်တိုက်စရာအကြောင်း ဖြစ်ပါတယ်။ ကိုယ်တော်ကို လက်ခံတဲ့သူတွေကိုတော့ကိုယ်တော်က (မာတေဦး ၂၅:၃၄)------

ကိုယ်တော်ကိုငြင်းပယ်တဲ့သူတွေကို ကိုယ်တော်က (မာတေဦး ၂၅:၄၁)-----

လုံဟာသင့်ရဲ့နှလုံးကိုထိုးဖောက်လိမ့်မည် လို့မယ်တော်ကို ဆိုတဲ့အခါ- ကားတိုင်တော်နဲ့ဆိုင်တဲ့ ဒုက္ခရိယာရဲ့ အရိပ်အမြွက်ကို ကြိုတင်ဟောကြားခဲ့ကြောင်း ကျွန်ုပ်တို့သိနိုင်ပါတယ်။

အဲဒီတော့ ဒီသန့်ရှင်းသောအိမ်ထောင်စုလဲဘဲ ပြဿနာတွေ အခက်အခဲတွေနဲ့ မလွတ်ကင်းဘူးဆိုတာကို ကျွန်ုပ်တို့တွေ့ရပါတယ်။ ဒါပေမဲ့ လောကဆီသို့အလင်းနဲ့အသက်ကိုပို့ဆောင်ပေးတဲ့ မစ်ရှင်ကိုလုပ်ဆောင်ဘို့အတွက် ဒီအရာများအားလုံးကို လက်ခံခဲ့တယ်ဆိုတာ တွေ့မြင်ရပါတယ်။

ဒီကနေ့မှာရှိတဲ့ တချို့သော အိမ်ထောင်စုတွေရဲ့အခြေအနေတစေ့တစောင်းကို ကြည့်ရအောင်။ တကယ်တော့ မိဘဆိုတာ သားသမီးဆီက ရှိသေလေးစားခြင်းနဲ့ နားထောင်ခြင်းကို လိုလားတတ်ကြတဲ့သူတွေဖြစ်ပါတယ်။

သားသမီးတွေမလုပ်ရဘူးလို့ တားမြစ်ထားတဲ့အရာများ မိဘတွေကကျတော့လုပ်လို့ရတယ်ဆိုတာမျိုး မဟုတ်ရပါဘူး။ မိဘတွေ မအားမလပ်ဖြစ်ရလောက်အောင် အလုပ်တွေများနေရင်၊ သားသမီးတွေပြောချင် ဆိုချင် ရင်ဖွင့်ချင်တဲ့အသံများကို လိုလိုလားလားနားမထောင်ချင်ဘူးဆိုရင် သားသမီးတွေဆီက ရှိသေသမှုပြုခြင်းကို ရရှိနိုင်မှာ မဟုတ်ပါဘူး။

လူ့အဖွဲ့အစည်းရဲ့အရည်အသွေးဟာ မိသားစုတွေရဲ့အရည်အသွေးအပေါ် အမှီပြုပါတယ်။ လူ့အဖွဲ့အစည်းဟာ မိသားစုတွေအတွက် တည်ရှိနေသလို မိသားစုတွေကလည်း လူ့အဖွဲ့အစည်းအတွက် တည်ရှိနေတဲ့အတွက်ကြောင့် ဒီအရာတွေဟာ တခုနဲ့တခုအမှီသဟဲမပြုကြဘူးဆိုရင်၊ ဘုရားနိုင်ငံတော်ရဲ့ မျှော်မှန်းချက်ဟာ ပြည့်စုံခြင်းသို့ရောက်ရှိလာမှာ မဟုတ်တော့ပါ။

ယေရှု၊ မာရီးယား၊ ရှုဇယ်တို့ရဲ့ စံနမူနာကိုအတုယူလျက်၊ အိမ်ထောင်တိုင်းရဲ့ မိဘတွေဟာ အလုပ်ကြိုးစားလုပ်ကိုင်ကြပြီး၊ တဦးကိုတဦးကူညီယိုင်းပင်ကာ၊ တဦးကိုတဦးနားလည် လက်ခံကြလျက်၊ မိမိတို့ရဲ့သားသမီးတွေကို ကောင်းစွာ ပြုစုပျိုးထောင်လမ်းညွှန်ခြင်းအားဖြင့် သားသမီးများဟာ လူသားတွေရဲ့အသိ ဉာဏ်ပညာထက်ပိုပြီး ဘုရားရဲ့သားသမီးအဖြစ် ကြီးပြင်းလာကြပြီး မိသားစုအတွက် သာသနာအတွက် လူ့အဖွဲ့အစည်းအတွက် ဘုရားရဲ့နိုင်ငံတော်အတွက် အကျိုးရှိသော အသက်တာကို ပိုင်ဆိုင်နိုင်ကြဘို့
ဒီကနေ့ကျွန်ုပ်တို့ဆုတောင်းကြပါစို့။ သန့်ရှင်းသောအိမ်ထောင်စုရဲ့အမည်နာမကို ခံယူထားတဲ့ ဘုရားကျောင်းနဲ့ဘာသာဝင်များ၊ ရဟန်းတပိုင်သာသနာအုပ်စုများ၊ ဆရာတော်ပိုင်သာသနာအုပ်စု များအတွက်လဲ သတိရ ဆုတောင်းပေးကြပါစို့။